Assistance Association for Political Prisoners
နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း

မတ်လ (၂၇) ရက်၊ ၂၀၂၃



Photo/AAPP

# စစ်အုပ်စု၏ ဖမ်းဆီးပြီးနောက် သတ်ဖြတ်မှုများ

ဖေဖော်ဝါရီလ ၁ ရက် ၂၀၂၁ ခုနှစ်မှ အစပြုခဲ့သည့် အဓမ္မအာဏာလုယူမှုကာလအတွင်း မြန်မာနိုင်ငံအနှံ့အပြားတွင် စစ်အုပ်စု၏ ဖမ်းဆီးပြီးနောက် သတ်ဖြတ်ခံရသူ **(၁၀၇၀)** ဦးရှိလာပြီဖြစ်သည်။ ဖမ်းဆီးပြီးနောက်သတ်ဖြတ်ခံရသူများဟုဆိုရာတွင် စစ်အုပ်စုမှ ဖမ်းဆီးအကျဉ်းချ သို့မဟုတ် အတင်းအဓမ္မ ခေါ်ဆောင်ခြင်းခံရပြီးနောက် ထိန်းသိမ်းခံရစဉ် သေဆုံးခဲ့သောသူများကို ဆိုလိုခြင်းဖြစ်သည်။ ဖမ်းဆီးထိန်းသိမ်းခံရသည့်သူများအနက်မှ လူ (၇၇၆) ဦး၏ အသက်အရွယ်ကို ကောက်ယူစုဆောင်းနိုင်ခဲ့သည်။ ဖမ်းဆီးခံရသူတို့၏ ပျမ်းမျှအသက်အရွယ်မှာ **(၃၅.၆)** နှစ် ရှိပြီး ဖမ်းဆီးခံရသူအားလုံး၏ အနည်းဆုံး ၉၂ ရာခိုင်နှုန်းမှာ အမျိုးသားများဖြစ်သည်ကို တွေ့ရသည်။

## အသက်အရွယ်အလိုက် သေဆုံးမှု




## ဂျဲန်ဒါအလိုက် သေဆုံးမှု



# တိုင်းနှင့်ပြည်နယ်အလိုက် သေဆုံးမှု

## ဖေဖော်ဝါရီ ၁ ရက် ၂၀၂၁ ခုနှစ်မှ မတ်လ ၃ ရက် ၂၀၂၃ အထိ

ဖေဖော်ဝါရီ ၁ ရက် ၂၀၂၁ ခုနှစ်မှ မတ်လ ၃ ရက် ၂၀၂၃ အထိ မြန်မာနိုင်ငံ၏မြို့တော် နေပြည်တော်အပါအဝင် တိုင်းနှင့်ပြည်နယ်အလိုက်ဖြစ်ပွားခဲ့သည့် ဖမ်းဆီးပြီးနောက်သတ်ဖြတ်ခံရသူများကို အေအေပီပီက မှတ်တမ်းတင်ထားခဲ့သည်။ ဤပထဝီအနေအထားအခြေပြုအချက်အလက်၌ ဖမ်းဆီးပြီးနောက်သတ်ဖြတ်ခံရသူသည် မည်သည့်အရပ်ဒေသတွင်နေထိုင်၍ မည်သည့်အချိန်တွင်သေဆုံးခဲ့သည်ကို ရည်ညွှန်းဖော်ပြထားသည်။ သတ်ဖြတ်ခံရသူများမှာ စစ်ကိုင်းတိုင်းမှ **(၅၉၄)** ဦး၊ မန္တလေးတိုင်းမှ **(၁၁၉)** ဦး နှင့် မကွေးတိုင်းမှ **(၁၀၁)** ဦးတို့ဖြင့် အစဉ်လိုက်အများဆုံးပါဝင်နေ သည်။အကြမ်းဖက်စစ်အုပ်စု၏ မအောင်မြင်သောအာဏာလုချိန်မှစ၍ အေအေပီပီမှ ကောက်ယူမှတ်တမ်းတင်ထားသည့် ဖမ်းဆီးပြီးနောက် သတ်ဖြတ်ခံရသူတို့၏ အချက်အလက်ထဲမှ ဖြစ်စဉ်အချို့ကို အောက်တွင်ဖော်ပြထားသည်။

စစ်ကိုင်းတိုင်း၊ ကနီမြို့နယ်၊ တဇယ်ချောင်ကျေးရွာမှ တောအတွင်း စစ်ရှောင်နေသည့် အမျိုးသားနှစ်ဦးနှင့် ယောကျာ်းလေးနှစ်ဦးကို စစ်သားများမှ မေလ ၃၁ ရက်နေ့တွင် လူသားဒိုင်းအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီးနောက် ဇွန်လ ၂ ရက်နေ့တွင် တဇယ်ချောင်ကျေးရွာအနီးရှိ တောင်ကုန်းတစ်ခုပေါ်၌ သတ်ဖြတ်ခဲ့သည်။ အဆိုပါစစ်ရှောင်လေးဦးမှာ ကိုခင်မောင်တင့် (၃၉ နှစ်)၊ ငပု (၁၄ နှစ်)၊ ကိုငဇော် (၄၅ နှစ်)၊ အယ်ဖြိုး (၁၄ နှစ်) တို့ ဖြစ်သည်။

အောက်တိုဘာလ ၂ ရက်နေ့တွင် (၃၆၉) တပ်ရင်းမှ ဗျူဟာမှူးဗိုလ်မှူးကျော်ဝင်းထွန်းနှင့်အဖွဲ့မှ အာဏာဖီဆန်ရေး လှုပ်ရှားမှု (CDM) ပြုလုပ်ထားသည့် ကျောင်းဆရာ ဦးတင်လင်းအေးကို မိုးစစ်ကျေးရွာ၌ ဖမ်းဆီးသွားခဲ့သည်။ ထို့ နောက် ၎င်းအား အဆိုပါကျေးရွာ အနောက်ဘက်ရှိ တောအတွင်းသို့ ခေါ်ဆောင်ကာ ညှဉ်းပန်းနှိပ်စက်ခဲ့သောကြောင့် သေဆုံးသွားခဲ့ပြီး ရုပ်အလောင်းကိုလည်း မိသားစုထံပြန်လည်ပေးအပ်ခြင်းမရှိခဲ့ပေ။




မကွေးတိုင်း၊ ဂန့်ဂေါမြို့နယ်၊ ထယ်လှော်ကျေးရွာမှ အသက် ၅၂ နှစ်အရွယ် ဦးအောင်ရဲနှင့် သမီးဖြစ်သူ အသက် ၁၄ နှစ်အရွယ် မမိုးမိုးထွေး တို့ကို စစ်သားများမှ ဧပြီလ ၄ ရက်နေ့တွင် ဖမ်းဆီးခဲ့ပြီး လက်ပြန်ကြိုးတုပ်ကာ မီးရှို့၍ သတ်ဖြတ်ခဲ့သည်။ ထို့ပြင် မမိုးမိုးထွေးကိုလည်း အဓမ္မပြုကျင့်ခဲ့ကြကြောင်း ဒေသခံများ၏အဆိုအရ သိရှိရသည်။ အဆိုပါသားအဖနှစ်ဦးသည် တောအတွင်း၌ ဟင်းသီးဟင်းရွက်သွားရှာစဉ် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။

မန္တလေးခရိုင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ဒုတိယဥက္ကဌ ဦးကိုကိုလေးကို မတွေ့သဖြင့် ဇနီးဖြစ်သူ အသက် ၅၇ နှစ်အရွယ် ဒေါ်တင်တင်မြ (ခ) စိုးစိုးကို အကြမ်းဖက်စစ်အုပ်စုတပ်မှ မန္တလေးတိုင်း မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ရှိ နေအိမ်၌ ဧပြီလ ၉ ရက်နေ့ မွန်းလွဲပိုင်းတွင် ဓားစာခံအဖြစ် ဖမ်းဆီးသွားခဲ့သည်။ ဖမ်းဆီးခြင်းခံရစဉ်က ဒေါ်တင်တင်မြ (ခ) စိုးစိုး၏ ပေါင်နှင့်လက်ကို ဓားဖြင့်မွှေ့ခဲ့သလို ဧပြီလ ၁၈ ရက်နေ့တွင် ဒေါ်တင်တင်မြ (ခ) စိုးစိုး၏ ရုပ်အလောင်းကို လမ်းဘေး၌ လာရောက်စွန့်ပစ်ခဲ့သည်။

ဧရာဝတီတိုင်း၊ ပုသိမ်အကျဉ်းထောင်တွင် ဖမ်းဆီးထိန်းသိမ်းခြင်းခံထားရသော နိုင်ငံရေးအကျဉ်းသား ဦးစန်းအေးသည် အောက်တိုဘာလ ၁၇ ရက်နေ့ ညပိုင်း၌ အကျဉ်းထောင်တွင်း အသက်ရှူကြပ်ပြီး သေဆုံးခဲ့သည်။ ဦးစန်းအေးသည် ပုသိမ်မြို့၊ အမှတ် ၅ ရပ်ကွက်တွင် နေထိုင်သူဖြစ်ပြီး စစ်အာဏာရှင်ဆန့်ကျင်ရေးဆန္ဒပြပွဲတွင် ပါဝင်ခဲ့ခြင်းကြောင့် ဖမ်းဆီးခြင်းခံခဲ့ရကာ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၂(က)ဖြင့် တရားစွဲဆိုခြင်းခံခဲ့ရသည်။ မိသားစုဝင်များမှာ သူ့၏ ရုပ်အလောင်းကို သဂြိုဟ်ခွင့်မရခဲ့ပေ။

အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM) ပြုလုပ်ထားသော သူနာပြုဆရာမ မေဇွန်မိုးသည်ဇန်နဝါရီလ ၂၉ ရက်နေ့တွင် ကလေးမီးဖွားပေးပြီး အုတ်ဖိုမြို့သို့ ပြန်လာစဉ် အုတ်ဖိုမြို့နယ်၊ အေးမြသာယာအုပ်စု၊ ကျောက်ဖြူတောင်ကျေးရွာ အနီးရှိ အကြမ်းဖက်စစ်အုပ်စု၏ တိမ်ညွန့်စစ်ဆေးရေးဂိတ်၌ ဖမ်းဆီးခြင်းခံခဲ့ရသည်။ မေဇွန်မိုးအား စစ်ကြောရေးတွင် စစ်ဆေးမေးမြန်းမှုများပြုလုပ်ခဲ့ပြီးနောက် ဖေဖော်ဝါရီ လ ၁၆ ရက်နေ့တွင် ပစ်သတ်ကာ ရုပ်အလောင်းအား မီးရှို့ခဲ့သည်။ ပစ်သတ်ခြင်းမခံရမီ မေဇွန်မိုးအား အဓမ္မပြုကျင့်ခဲ့သည်ဟု သိရှိရသော် လည်း သီးခြားအတည်ပြုချက် မရရှိသေးပါ။ ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် ထန်းပင်ကုန်းကျေးရွာအနီးရှိ တောစပ်၌ မေဇွန်မိုး၏ ရုပ်အလောင်းအား တွေ့ရှိခဲ့သည်။

# စစ်အုပ်စု၏ ဖမ်းဆီးပြီးနောက်သတ်ဖြတ်ခံရသူများ၏ အထူးအခြေအနေများ

စစ်အုပ်စု၏ ဖမ်းဆီးပြီးနောက်သတ်ဖြတ်ခံရသူများနှင့်ပတ်သက်၍ အေအေပီပီသည် ထိုသူများ၏ အထူးအခြေအနေများကိုပါမှတ်တမ်းတင်ထားသည်။ ဤကဲ့သို့မှတ်တမ်းတင်မှုတွင် အချက်အလက်ရရှိမှုပေါ်မူတည်၍ သေဆုံးသူတစ်ဦးတစ်ယောက်ချင်းစီ၏ ဖမ်းဆီးခံရသည့်အခြေအနေနှင့် ၎င်းတို့၏သေဆုံးသည့်အခြေအနေစသည်တို့လည်း ထည့်သွင်းဖော်ပြထားသည်။ ထို့ကြောင့်လူတစ်ယောက်ချင်းစီတွင် တစ်ခုထက်ပိုသောအထူးအခြေအနေများလည်း ပါဝင်နိုင်သည်။ မတ်လ ၃ ရက် ၂၀၂၃ ခုနှစ်အထိ အချက်အလက်များအရ အေအေပီပီသည် စစ်အုပ်စုမှ မြန်မာနိုင်ငံပြည်သူလူထုအပေါ် ရက်စက်ကြမ်းကြုပ်မှုများကို ပေါ်လွင်ထင်ရှားစေသည့် ဖမ်းဆီးပြီးနောက်သတ်ဖြတ်ခံရသည့် သေဆုံးမှု **(၅၄၂)** မှုကို (ဖမ်းဆီးပြီးနောက်သတ်ဖြတ်ခံရသည့်သေဆုံးမှုစုစုပေါင်း၏ ၅၀.၇ ရာခိုင်နှုန်း) အထူးအခြေအနေများနှင့်တကွ မှတ်တမ်းတင်ထားပြီးဖြစ်သည်။ အောက်ဖော်ပြပါဇယားတွင် အေအေပီပီမှ အထူးအခြေအနေတစ်ခုစီကို စစ်ဆေး၍ ဖမ်းဆီးပြီးနောက်သတ်ဖြတ်ခံရသူများ၏ တစ်ခုထက်ပိုသော ထပ်တိုးအထူးအခြေအနေများနှင့်တကွ ဖော်ပြပေးထားပါသည်။




စစ်ကြောရေး သို့မဟုတ် ထောင်တွင်း၌ သေဆုံးသောဖြစ်စဉ်များတွင် ဖမ်းဆီးထိန်းသိမ်းခံရသူ **(၁၁၆)** ဦးမှာ အသက်သေဆုံးသည့်တိုင် နှိပ်စက်ခံခဲ့ရသည့် ဖြစ်နိုင်ချေအလားအလာမြင့်မားသည်။ ဥပမာအားဖြင့် ရုပ်ပိုင်းဆိုင်ရာရိုက်နှက်နှိပ်စက်ခြင်း၊ ဆေးကုသခွင့်မပေးခြင်း၊ အစားအစာ၊ သောက်ရေ သုံးစွဲခွင့်မပေးခြင်း စသည်တို့ပါဝင်သည်။ ထို့ပြင် စစ်အုပ်စုသည် အဓမ္မဖမ်းဆီးခံရသူ **(၁၈၅)** ဦးတွင် **(၁၀၄)** ဦး၏ ရုပ်အလောင်းများကို မီးရှို့ခဲ့၍ **(၈၁)** ဦးကို အရှင်လတ်လတ် မီးရှို့သတ်ဖြတ်ခဲ့သည်။ ထို (၁၈၅) ဦးထဲမှ **(၃၀)** ဦးကို စစ်အုပ်စုမှ လူသားဒိုင်းအဖြစ် အသုံးပြုခဲ့ပြီး၊ ထို အယောက် (၃၀) မှ **(၆)** ဦးကို အရှင်လတ်လတ်မီးရှို့သတ်ဖြတ်၍ ကျန် **(၂၄)** ဦးမှာ သတ်ဖြတ်ပြီးနောက် ရုပ်အလောင်းကိုမီးရှို့ခံခဲ့ရသည်။ ထို လူသားဒိုင်း (၃၀) ဦးထဲမှ **(၁၉)** ဦးကို စစ်အုပ်စုမှ သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ပြီး၊ ၎င်းတို့ထဲမှ **(၅)** ဦးမှာ ခေါင်းကိုသေနတ်ဖြင့်ပစ်၍ သတ်ဖြတ်ခံခဲ့ရခြင်းဖြစ်သည်။ ထိုအဓမ္မဖမ်းဆီးခံရသူများထဲမှ အနည်းဆုံး **(၂)** ဦးမှာ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာမသန်စွမ်းသူများဖြစ်သည်။

အသက် ၃၃ နှစ်အရွယ် ကိုကျော်မင်းဇင် (ဘယ်ဖက်) နှင့် အသက် ၃၉ နှစ်အရွယ် မခင်မာလာဝင်း (ခေါ်) မျိုးလွင်တို့ကို မတ်လ ၂၀၂၁ ခုနှစ်တွင် ပစ်ခတ်၍ ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ ထို့နောက် ၎င်းတို့ (၂) ဦးစလုံးကို စစ်တပ်မှ ထိန်းသိမ်းထားစဉ် သတ်ဖြတ်ခဲ့သည်။





Photos/Myanmar Now



တစ်ခုထက်ပိုသော အထူးအခြေအနေဆိုသည်မှာ ဥပမာအားဖြင့် လူတစ်ယောက်မှာ ဖမ်းဆီးခံရပြီးနောက် လူသားဒိုင်းအဖြစ် အသုံးပြုခံရပြီး ပစ်ခတ်သတ်ဖြတ်ခံရပြီးနောက် ရုပ်အလောင်းအားမီးရှို့ခြင်းခံရပါက ၎င်းတွင် ဖမ်းဆီးထိန်းသိမ်း၊ လူသားဒိုင်း၊ ပစ်ခတ်သတ်ဖြတ်ခံရ၊ မီးရှို့ခံရဆိုသည့် အထူးအခြေအနေ (၄) ခုပါဝင်သည်ကို ဆိုလိုခြင်းဖြစ်သည်။